# မြန်မာဝါစင်္ဂများကို ဘာသာဗေဒအမြင်ဖြင့် လေ့လာခြင်း

ပါရဂူ (Ph D) ဘွဲ့အတွက် တင်သွင်းသောကျမ်း

မခင်မာဆွေ

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၆ ခုနှစ်၊ မတ်လ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းတွင် မြန်မာဝါစင်္ဂများကို အခန်း(၇)ခန်းခွဲ၍ ဘာသာဗေဒအမြင်ဖြင့် လေ့လာဆန်းစစ်ပြထားပါသည်။ နိဒါန်းပိုင်းတွင် ဘာသာဗေဒနယ်ပယ်မှ ဝါစင်္ဂ၏ ဘာသာရပ်နယ်ပယ်ခွဲကို ခွဲခြားစိစစ်ထားပါသည်။ အခန်း(၁)တွင် ဝါစင်္ဂ၏ သဘောသဘာဝနှင့် ဘာသာစကား၌ ဝါစင်္ဂ၏အရေးပါပုံများကို လေ့လာတင်ပြထားပါသည်။ အခန်း(၂)တွင် မြန်မာဝါစင်္ဂများနှင့်ပတ်သက်၍ ပြည်တွင်းပြည်ပ ပညာရှင်တို့၏ အမြင်သဘောထားများကို ဆန်းစစ်လေ့လာကြည့်ပါသည်။ ထို့နောက် မြန်မာဘာသာစကားရှိ ဝါစင်္ဂအမျိုးအစား၊ အရေအတွက်တို့နှင့်ပတ်သက်၍ မိမိ၏အမြင်နှင့် အယူအဆကို တင်ပြပါသည်။ အခန်း(၃)တွင် နာမ်ကို ဖွင့်ဆိုသတ်မှတ်ချက်၊ စံထားချက်များ သတ်မှတ်၍ အမျိုးအစားခွဲကာ စိစစ်လေ့လာပါသည်။ အလားတူ အခန်း(၄)တွင် ကြိယာကိုလည်းဖွင့်ဆိုသတ်မှတ်ချက်၊ စံထားချက်များ သတ်မှတ်လျက်ဖွဲ့စည်းတည်ဆောက်ပုံအပေါ် အခြေခံကာ အမျိုးအစားခွဲ လေ့လာ ထားပါသည်။ အခန်း(၅)တွင်မူ မြန်မာဘာသာစကားအဆောက်အဦကြီး၌ ထင်ထင်ရှားရှား သိသိသာသာ နေရာယူထားသော အထူးပြုများ၏ သဘောလက္ခဏာကို ပေါ်လွင်အောင် တတ်စွမ်းသမျှ လေ့လာတင်ပြထားပါသည်။ ထိုသို့ တင်ပြရာတွင်လည်း နာမ်၊ ကြိယာတို့ကို လေ့လာခဲ့သည့်နည်းလမ်းအတိုင်း ဖွင့်ဆိုသတ်မှတ်ချက်၊ စံထားချက်များ သတ်မှတ်ဖော်ထုတ်၍လည်းကောင်း ဖွဲ့စည်းတည်ဆောက်ပုံအရ အမျိုးအစားခွဲ၍လည်းကောင်း လေ့လာထားပါသည်။ ယင်းသို့လေ့လာရင်း အထူးပြုများ ဖွဲ့စည်းတည်ဆောက်ယူရာတွင် ပဓာနကျသော ပစ္စည်း၏အခန်းကဏ္ဍကိုလည်း ထင်ရှားအောင် ဖော်ထုတ်ထားပါသည်။ အခန်း(၆)၌လည်း ဝိဘတ်၏ သဘောလက္ခဏာနှင့် အရေးပါမှုကို ပေါ်လွင်လာစေရန် ကြိုးစားပုံဖော်ထားပါသည်။ အခန်း(၇)၌ ကျမ်းတစ်ခုလုံးအပေါ် ခြုံငုံသုံးသပ် ထားပါသည်။ ခြုံငုံသုံးသပ်ရာတွင်မူ မြန်မာဝါစင်္ဂများ၏ ဝါကျတည်ဆောက်မှုတွင် အရေးပါပုံကို ဆန်းစစ်ပြထားပါသည်။